PREMIER'S READING Challenge

# မိဘများအတွက် သတင်းအကြောင်းအရာများ – Burmese

**ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု ဆိုသည်မှာ ဘာလဲ။**
ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှုသည် စာတတ်မြောက်မှုဆင်နွဲရေး အစီအစဉ် တစ်ခုဖြစ်ပြီး ၄င်းကို ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲက ၂၀၀၄ ခုနှစ်တွင် စတင်တင်သွင်းခဲ့ပြီး ၄င်းသည်

- ကျောင်းသားများအား စာအုပ်များကိုပိုမိုဖတ်ရှုပြီး စာဖတ်မှုကိုနှစ်သက်ပျော်မွေ့စေရန် တိုက်တွန်းထားသည်
- စာတတ်မြောက်ရေး အဆင့်များ ကို တိုးတက်စေသည်

စိမ်ခေါ်မှုက လိုလားသည်မှာ ကျောင်းသားများအနေဖြင့် ကျောင်းစာသင်နှစ် အစမှ စက်တင်ဘာလ အတွင်း စာအုပ် ၁၂ အုပ် ဖတ်ရှုရန်ဖြစ်သည်။

**စိမ်ခေါ်မှုအကြောင်းကို သင် မည်ကဲ့သို့ ရှာဖွေနိုင်သနည်း။**
ပိုမိုသိရှိလိုသောအကြောင်းအရာများအတွက်  ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု ကွန်ရက် ရှိ မိဘများနှင့် မိသားစုများ စာမျက်နှာသို့ သွားရောက်ပါ။
http://www.premiersreadingchallenge.sa.edu.au/prc/pages/parents/families/

DECD အသိုင်းအဝိုင်းထောက်ပို့အရာရှိ အား ဖုံးနံပါတ် – 8226 2756 ဖြင့် ဆက်သွယ်ပါ

သင်၏ကလေး ဒေသတွင်းကျောင်း နှင့် ဆက်သွယ်ပါ။

**ကျောင်းသားများ မည်သည့် စာအုပ်များကို ဖတ်ရှုနိုင်သနည်း။**
ကျောင်းသားများသည် ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု စာအုပ်စာရင်းမှ စာအုပ်များ နှင့် မိမိတို့ရွေးချယ်သည့်စာအုပ်များကို လည်း ဖတ်ရှုနိုင်ပါသည်။ စာအုပ်စာရင်းများကို ပြည်နယ်အစိုးရအဖွဲ့အကြီး အကဲ၏ စာအဖတ်စိမ်ခေါ်မှု ကွန်ရက်တွင် ရရှိနိုင်ပါသည်။
ကျောင်းသားများအနေဖြင့် အင်္ဂလိပ်ဘာသာစကားမှလွဲ၍ အခြားဘာသာ ဖြင့်ရေးသားထားသော စာအုပ်များကို ဖတ်ရှုရန် ရွေးချယ်နိုင်သည်။

- သူငယ်တန်း မှ ၇ တန်းအထိ ကျောင်းသားများသည် ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု ကွန်ရက် စာအုပ်စာရင်းမှ အနည်းဆုံး စာအုပ် ၈ အုပ် နှင့် မိမိတို့ရွေးချယ်သည့် စာအုပ် ၄ အုပ် တို့ကိုရွေးနိုင်သည်။
- ၈ တန်း မှ ၉ တန်းအထိ ကျောင်းသားများသည် ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု ကွန်ရက် စာအုပ်စာရင်းမှ အနည်းဆုံး စာအုပ် ၄ အုပ် နှင့် မိမိတို့ရွေးချယ်သည့် စာအုပ် ၈ အုပ် တို့ကိုရွေးနိုင်သည်။
- ၁၀ တန်း၊ ၁၁ တန်း နှင့် ၁၂ တန်း ကျောင်းသားများသည် မိမိတို့ကြိုက်နှစ်သက်သည့် စာအုပ် ၁၂ အုပ်ကိုရွေးနိုင်သည်။

**မည်သည့်နေရာတွင် စာအုပ်များ ရရှိနိုင်သနည်း။**
စာအုပ်များကို ကျောင်း နှင့် အများပြည်သူစာကြည့်တိုက်များ၊ စာအုပ်ဆိုင်များနှင့် အွန်လိုင်းစာအုပ် အင်တာနက်စာမျက်နှာ တို့တွင် ရရှိနိုင်ပါသည်။

**ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု ကိုယှဉ်ပြိုင်သည့်အတွက် ဆုကြေးများမှာ ဘာလဲ။**

ဆုလက်မှတ် — ပထမနှစ်
ကြေးတံဆိပ် — ဒုတိယနှစ်
ငွေတံဆိပ် — တတိယနှစ်
ရွှေတံဆိပ် — စတုတ္ထနှစ်
ချန်ပီယံဗိုလ်တံဆိပ် — ပဥ္စမနှစ်
ဒဏ္ဍာရီတံဆိပ် — ဆဋ္ဌမနှစ်
အထင်ကရအခန်းအနားတံဆိပ် —   သတ္တမနှစ်
ဘဝအတွက် စာဖတ်သူ အောင်လက်မှတ် ( R4L ) –
R4L ရှစ်နှစ်မြောက် နှစ်
R4L ကြေး – ကိုးနှစ်မြောက် နှစ်
R4L ငွေ – ဆယ်နှစ်မြောက် နှစ်
R4L ရွှေ – ဆယ့်တစ်နှစ်မြောက် နှစ်
R4L ချန်ပီယံ –  ဆယ့်နှစ်နှစ်မြောက် နှစ်
R4L ဒဏ္ဍာရီတံဆိပ် – ဆယ်သုံးနှစ် မြောက် နှစ်
R4L အထင်ကရအခန်းအနားတံဆိပ် – ဆယ့်လေးနှစ်မြောက် နှစ်

**ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု အတွက် သံတမန်များသည် မည်သူနည်း။**
ထင်ပေါ်ကြော်ကြားသည့် တောင်သြစတြေးလျပြည်နယ်သား ဆယ့်ကိုးယောက်နှင့် သံတမန်  အသင်းအဖွဲ့ ခြောက်ဖွဲ့ တို့သည် ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု ကိုထောက်ခံကြပါသည်။ ၄င်းခြောက်ဖွဲ့ မှာ Adelaide United Football Club, Adelaide Lightning, Port Adelaide Football Club, Thunderbirds Netball Club, Adelaide Football Club နှင့် Scorpions women's cricket club တို့ ဖြစ်ကြပါသည်။

**ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု တွင် ကျောင်းသား မည်မျှပါဝင်ယှဉ်ပြိုင်မည်နည်း။**
နှစ်စဉ် ၉၅ ရာခိုင်နှုန်းသော တောင်သြစတြေးလျား ကျောင်းများမှ ကျောင်းသား ၁၂ ၀၀၀ ယောက်ထက်ပိုမိုသော ကျောင်းသားများသည် ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု ကိုပါဝင်ယှဉ်ပြိုင်ကြသည်။ ကျောင်းသားအတော်များများသည် စာအုပ် ၁၂ အုပ်ထက်ပိုမိုပြီး ဖတ်ရှုကြသည်။

**ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ၏ စာအဖတ်စိမ်ခေါ်မှု တွင် ပါဝင်ဆင်နွဲရခြင်း၏ အကျိုးများမှာ ဘာလဲ။**

- ကျောင်းသားများ အားလုံးအား စာအုပ်များကိုပိုမိုဖတ်ရှုပြီး စာဖတ်မှုကိုနှစ်သက်ပျော်မွေ့စေရန် တိုက်တွန်းထားသည်
- ကျောင်းသားများ စာဖတ်ခြင်းအပေါ် အာရုံစိုက်ရန် ပံ့ပိုးထားသည်
- အောင်မြင်မှု၏အနှစ်အရသာ ကိုပေးအပ်ထားသည်
- ကလေးများ၏စာဖတ်သည့်ကိစ္စတွင် မိဘများ ပါဝင်ဆင်နွဲရန် အားပေးထားသည်
- စာကြည့်တိုက် ငှါးရမ်းခြင်းကို တိုးမြှင့်စေသည်
- စာတတ်မြောက်ရေး ကိုတိုးတက်စေသည်။